## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
## တိုကျိုမြို့

### ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများ၏ လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံမည့်အစီအစဉ်အား အသိပေးကြေညာခြင်း

၁။ ပြည်ပတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် (၁-၁၀-၂၀၂၃) ရက်နေ့မှ စတင်ကာ ဝင်ငွေခွန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်းနှင့် ဝင်ငွေခွန်ထမ်းဆောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်၊ ၇၆/၂၀၂၃ ဖြင့် (၂၂-၁၁-၂၀၂၃) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ပါ၍ ဂျပန်နိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် ဝင်ငွေခွန်များ ပေးဆောင်ကြရမည်ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင်ရောက်ရှိအလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအတွက် **တစ်လပျမ်းမျှဝင်ငွေအား ယန်း ၂၀၀,၀၀၀ နှုန်း သတ်မှတ်ပြီး** ဝင်ငွေခွန် ၂ % အရ ယန်း ၄,၀၀၀ သတ်မှတ်သွားမည်ဖြစ်ပါသည်။ အဆိုပါ ယန်း ၄,၀၀၀ အနက် သက်သာခွင့်အဖြစ် ယန်း ၂,၀၀၀ သတ်မှတ်ပေးသွားမည်ဖြစ်ရာ **လစဉ်ဝင်ငွေခွန်အဖြစ် ယန်း ၂,၀၀၀ ပေးဆောင်ရမည်** ဖြစ်ပါသည်။

၃။ သတ်မှတ်ထားသည့် တစ်လပျမ်းမျှဝင်ငွေ ယန်း ၂၀၀,၀၀၀ ထက်လျော့နည်းရရှိသူများအနေဖြင့် အထောက်အထားများဖြင့် တင်ပြလာပါက ၎င်းတို့အတွက် **တစ်လပျမ်းမျှ ဝင်ငွေအား ယန်း ၁၅၀,၀၀၀ နှုန်း သတ်မှတ်ပြီး** ဝင်ငွေခွန် ၂ % အရ ယန်း ၃,၀၀၀ သတ်မှတ်သွားမည်ဖြစ်ပါသည်။ အဆိုပါ ယန်း ၃,၀၀၀ အနက် သက်သာခွင့်အဖြစ် ယန်း ၂,၀၀၀ သတ်မှတ်ပေးသွားမည်ဖြစ်ရာ **လစဉ်ဝင်ငွေခွန်အဖြစ် ယန်း ၁,၀၀၀ ပေးဆောင်ရမည်** ဖြစ်ပါသည်။

၄။ တိုကျိုမြို့၊ မြန်မာသံရုံးအနေဖြင့် ဝင်ငွေခွန်ပေးဆောင်မှုဆိုင်ရာ ပြေစာ အထောက်အထားများထုတ်ပေးမည်ဖြစ်သလို အခွန်ထမ်းနိုင်ငံသားမှ သတ်မှတ်ကာလ တစ်ခုအတွင်း သံရုံးတွင်ပေးဆောင်ခဲ့သည့် ဝင်ငွေခွန်ပေးဆောင်မှုဆိုင်ရာ အထောက် အထားလက်မှတ် ထုတ်ပေးရန် လျှောက်ထားလာပါက ၎င်းအနေဖြင့် သံရုံးတွင် အမှန်တကယ်ပေးဆောင်ခဲ့သည့် ဝင်ငွေခွန်ပမာဏနှင့် ပျမ်းမျှဝင်ငွေပမာဏတို့ဖြင့် ထောက်ခံစာထုတ်ပေးသွားမည်ဖြစ်ပါကြောင်းကိုလည်း ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ တိုကျိုမြို့
၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်။